
မမုန်းဘူးဆို
ငွေ့ရည်မွှဲ့

## အခန်း ၁

"လုံမေရေ သမီး အမေ့ဆီကို ခဏလာပါဦးကွယ်"

ခေါ်သံကြောင့် ထမင်းချက်နေရာမှ ပျို ကမန်းကတန်းထရင်း..

"လာပြီ အမေရေ... ဒုန်း ..."

"ဟဲ့ ဟဲ့ ဘာသံတွေလုံမေ..."

"ဘာ ဘာမှမဟုတ်ပါဘူး ကျုပ် အခုပဲလာခဲ့မယ်နော်"

တိုက်မိသွားတဲ့ ထမင်းအိုးကို သေချာပြန်ကောက်ပြီး လုပ်စရာရှိသည်များကို ထပ်မလုပ်ဘဲ ပျို ပြေးထွက်လာရာ အပြင်ရောက်တာနဲ့ တိုင်နဲ့ခေါင်းဆောင့်မိသေးသည်။

"ဟဲ့ ဖြည်းဖြည်းလာလည်း ရပါတယ် ညည်းနဲ့ မီးဖိုချောင်ထဲမှာရော ဘာတွေကျကုန်တာတုန်း"

ပျို နာသွားတဲ့ နဖူးကိုပွတ်ရင်း...

"ထမင်း... အယ်... ဟို ဘာမှမဟုတ်ပါဘူးအမေ ကျုပ်ကိုဘာခိုင်းမို့လဲ..."

"ဘာကို ဘာမှမဟုတ်တာလဲ မဟုတ်မှ ညည်းထမင်းအိုးကို တိုက်မိပြန်တာလား.."

သမီးဖြစ်သူအကြောင်းကို သိနေသူမို့ ဒေါ်ခင်မေ ထိုသို့ပြောလိုက်ခြင်းဖြစ်သည်။ ညောင်ပင်လှ ရွာမှာသူမတို့က ပိုက်ဆံရှိ လူချမ်းသာစာရင်းဝင်တွေဖြစ်၏။ သူမတို့လင်မယားတွင် လုံမေပျို ဆိုသော သူမလေးတစ်ယောက်သာ ထွန်းကား၍အချစ်ပို အလိုလိုက်ခဲ့ရာ ကလေးက ဆိုးတာတော့

မဟုတ်။ မိန်းကလေးဖြစ်ပြီး မိန်းကလေးလိုမနေ။ အသက်၂၀ကျော်နေပေမယ့် ကလေးစိတ် မကုန်တာလေးတွေ ရှိနေ၏။ ဒါကလည်း သူမတို့အလိုလိုက်ခဲ့မှုကြောင့်ပါပဲ။ သားသမီးတစ်ယောက်တည်းဆိုတော့ စိတ်တိုင်းကျနေထိုင်စေပြီး အမျိုးတွေ အားလုံးထဲမှာ မိန်းကလေးဆိုလို့ သူတစ်ယောက်တည်းပါတာမို့ ဝမ်းကွဲအစ်ကိုတွေနဲ့ ပေါင်းရင်း ကလေးကယောကျ်ား စိတ်ဝင်နေလေသည်။ သူမပေးထားတဲ့ လုံမေပျို့ဆိုတဲ့ နာမည်ကလွဲရင် မိန်းကလေးဆန်တာမရှိ။ တော်ရုံ ဘာမှမခိုင်းဖြစ်တော့ သူမနေမကောင်းလို့ မီးဖိုချောင် မဝင်နိုင်သေးခင် သူ့ကိုခိုင်းရတာ အဆင်ပြေတယ်ဆိုတာ မရှိချေ။ အမြဲတစ်ခုမဟုတ် တစ်ခုဖြစ်၏။ အဆိုးဆုံးက မီးဖိုပေါ်က ထမင်းအိုးကို ဘယ်လိုတိုက်မိအောင် လုပ်မှန်းမသိ ခဏခဏ တိုက်မိတာပင်။ သည်လိုဆို သူပြန်လုပ်ရတော့ နှစ်ခါပင်ပန်း၏။ နေမကောင်းပေမယ့်လည်း လုပ်ရတော့သည်။ ဒီနေ့မနက်ကတော့ တော်တော်လေးကို သွေးလေးနေတာမို့ မထဖြစ်သေးဘဲ ယောကျ်ားဖြစ်သူကလည်း မြို့ခဏသွားတာကြောင့် သမီးကိုသာ ထမင်းအိုးတစ်လုံး အရင်တည်ခိုင်းထားတာဖြစ်သည်။ ထနိုင်ချိန် လက်ဖက်ရည် သောက်ချင်စိတ်လေး ဖြစ်လာတာမို့ ထသောက်ချိန်ကုန်နေတာနှင့် ဝယ်ခိုင်းဖို့ခေါ်လိုက်တာ ထမင်းအိုးကို တိုက်မိသည်ထင်ရဲ့ အသံက ကြားရသည်။ ဒီပုံတိုင်းဆို သူရှင်းရတော့မယ်။ သမီးတော်က မီးဖိုချောင်ထဲ တိုက်ရတာအားမရလို့ အပြင်ရောက်တာ တောင် တိုင်နဲ့ခေါင်းက ဆောင့်မိသေးတာ။ လုံမေပျို့တို့က ဘယ်တော့မှ ထုံးစံမပျက်။

"မဟုတ်လောက်ပါဘူး.."

"ဩော် မဟုတ်လောက်ပါဘူးတဲ့လား ညည်းနဲ့အေ တော်ပြီ တော်ပြီ သွား အေးလုတို့ဆိုင်က လက်ဖက်ရည်ထုပ် သွားဝယ်ချည် မီးဖိုချောင်လည်း ငါပဲ

ဝင်တော့မယ်"

"အမေကသက်သာလို့လား ကျုပ်ပဲချက်ပေးပါမယ်.."

"တော်ပါအေ ငါထပ်ခါထပ်ခါ မပင်ပန်းချင်ဘူး လက်ဖက်ရည်ထုပ်သာ အိမ်ပါအောင် ဝယ်ခဲ့ပေးတော့ ဟိုဝင်ဒီထွက်တွေ မလုပ်နဲ့ဦးနော် ခိုင်းရတာ ခပ်လန့်လန့်ရယ်"

"စိတ်ချပါ အမေရာ လှလေးဆီကိုပဲ ဆိုက်ဆိုက်မြိုက်မြိုက်သွားပြီး အမေ့ အိမ်ကိုပဲ တည့်တည့်မတ်မတ် ပြန်လာမှာပါ ကျုပ်ဒီနေ့ အမေနေမကောင်း လို့ ဘယ်မှမသွားဘူးလို့ ဆုံးဖြတ်ထားတယ်"

"အေးပါ လိမ္မာတယ် ... ဝယ်ဖို့ပိုက်ဆံရော့ .."

"ဟုတ် ဒါဆိုသွားပြီနော် အမေ..."

ပြောပြီး ပြုံးရွှင်စွာ ထွက်သွားတဲ့ သမီးဖြစ်သူရဲ့ ကျောပြင်ကိုကြည့်ရင်း ခေါင်းခါလိုက်သည်။ ရွာထဲက ကုန်စုံဆိုင်ပိုင်ရှင် ပုမရဲ့သမီး အေးလှလေးကို သမီးဖြစ်သူက သံယောဇဉ်တွယ်တာပြီး ချစ်ရှာသည်။ အေးလှနဲ့ပတ်သက် ရင် ဘယ်သူ့ကိုမှဂရုမစိုက် သူထင်ရာလုပ်တတ်၏။ အေးလှကလည်း ရွာရဲ့ ကွမ်းတောင်ကိုင် မိန်းမချောလေးတစ်ယောက်မို့ ပိုးပန်းသူများ၏။ သူလေး ကလည်း ဘယ်သူ့ကိုမှ စိတ်မဝင်စားဘဲ သမီးဖြစ်သူနဲ့သာ တတွဲတွဲမို့ ကိုယ့် သမီးကလည်း သူ့ထိရင်မခံ ဇတ်ဇတ်ကြဲဖြစ်တာကြောင့် တော်ရုံလူ အနား ကို မသီရဲတော့ချေ။ ရွာရှိလူတော်တော်များများက လုံမေပျိုကိုမထိရဲသလို ရွာလူကြီးတူမ၊ ရွာရဲ့အရှိန်ဝါရှိတဲ့ သူဌေးရဲ့သမီး၊ ဆွေမျိုးများပြီး အစ်ကို ဝမ်းကွဲတွေပေါတာကြောင့် တော်တန်ရုံဆို လုံမေပျိုနဲ့ ဝေးအောင်ရှောင်၏။ အဲ့တွက်ကြောင့် အနည်းငယ်တော့ သူမစိတ်ချရသည်။ ပြီးတော့ ရွာကလူ တွေကလည်း ကိုယ့်အကြောင်းသူသိ သူ့အကြောင်းကိုယ်သိသူတွေမို့ ပြဿနာမဖြစ်ဘဲ အေးအေးချမ်းချမ်း နေရသည်။

ဒေါ်ခင်မေ အတွေးရပ်ပြီး မီးဖိုချောင်ထဲ ဝင်ခဲ့တော့သည်။ အထဲရောက်တာနဲ့ ပွစာကြဲနေတဲ့ ထမင်းတွေကြောင့် စိတ်ရှုပ်သွားရသည်။

"ဟွန်း ... ငါ့သမီးတော့ ဘယ်လိုအိမ်ထောင်ဘက်မျိုးနဲ့ တွေ့မယ်မသိ..."

ထိုသို့ညည်းညူပြီး ရှင်းစရာရှိတာများ ရှင်းလိုက်သည်။

***

"လှလေး ကိုယ့်ကိုယ် လက်ဖက်ရည်ထုပ်ကြီးတစ်ထုပ် ပေးပါ.."

"ဩော် ကိုပျို ရမယ် ခဏနော် .."

"ရတယ်လှလေး ... "

လက်ဖက်ရည်ထုပ်သွားယူတဲ့ သူ့ချစ်ရသူ မိန်းမချောလေးကိုကြည့်ရင်း ပြုံးမိသည်။

"ရော့ ဒီမှာ .. ဒါနဲ့ မေခင် နေမကောင်းဘူးဆို ကိုပျို"

"သက်သာသွားပါပြီ လှလေးရယ် .. ဘာလဲ ယောက္ခမလောင်းကြီးကို စိတ်ပူလို့လား..."

"ဘာတွေလျှောက်ပြောနေတာလဲ ကိုပျိုနော် သွားတော့ အိမ်မှာ မေခင် တစ်ယောက်တည်းမလား..."

"အင်း ကိုယ့်ချစ်ရသူလေး နှုတ်ဖျားက သွားတော့ဆိုတဲ့အမိန့်ကို ကိုယ်မငြင်းပါဘူး သွားတော့မယ်နော် ..."

"စကားတွေတက်နေတာ ဖြည်းဖြည်းသွားဦး..."

"ဟုတ်ကဲ့ပါဗျ"

ပျို လည်း နှုတ်ဆက်ပြီး ထွက်ခဲ့တော့သည်။

လှ ကိုပျိုလို့ခေါ်တဲ့ လုံမေပျိုကို သူမချစ်ပါသည်။ သမီးရည်းစားလိုတော့

မဟုတ် ငယ်သူငယ်ချင်းတွေဖြစ်တာကြောင့် အကြောင်းသိတွေမို့ သူငယ်ချင်းလို ညီအစ်မလို ချစ်တာပါ။ လုံမေပျိုသာ မိန်းကလေးလိုနေရင် သူမထက်ပင် ပိုလှနေပေဦးမည်။ အသားရည်ဝါညက်ညက်၊ ဂုတ်ထောက် ဆံပင်လေးနဲ့ လေးထောင့်မကျ ဝိုင်းလည်းမဝိုင်းတဲ့ မျက်နှာလေးက ထူးခြားသည်။ ထို့အတူ မထူးမပါးနှုတ်ခမ်းလေးနဲ့ မည်းနက်တဲ့ မျက်ခုံး တစ်စုံ၊ မျက်လုံးဝိုင်းဝိုင်းလေးကို လှပအောင် ပံ့ပို့ပေးထားတဲ့ မျက်တောင် ရှည် ကော့ကော့လေးတွေနဲ့ ထူးခြားစွာ သူမလေးက လှပလွန်း၏။ သူမ အပေါ်ကို သူ့ဘက်က ယောကျ်ားစိတ်လေး ဝင်နေတာကြောင့် ဘယ်လို သဘောထားလည်းဆိုတာ သိပေမယ့် သူ့စိတ်တိုင်းကျ ကိုပျိုလို့ခေါ်ပြီး မိန်းမစိတ်လေးဝင်အောင် ပြုပြင်ပြောင်းလဲပေးနိုင်မယ့် အချိန်ကိုစောင့်နေ တာဖြစ်သည်။ ဖြစ်တည်လာတဲ့ ဘဝလေးကို သူ့ပုံစံအတိုင်းလေးပဲ ရှိစေချင် တာ သူမစေတနာပါ..။ တစ်ခါတစ်ခါ သူမ မိန်းကလေးလိုနေဖို့ပြောရင် သူ ပြန်ပြောလာတာက လှလေးကို ချစ်လို့ ဒီစကားကိုသည်းခံတာ နောက်ထပ် မပြောနဲ့ လှလေးနေရာမှ တခြားတစ်ယောက်ဆို မလွယ်ဘူး ဟု ဆိုပြီး အတူလမ်းလျှောက်နေရင်တောင် သူမကို ထားခဲ့ကာ ထွက်သွား တတ်သည်။ ပြီးရင် ၂ရက် ၃ရက်လောက် စကားမပြောဘဲ လမ်းတွေ့ ရင်တောင် ရှောင်သွားတတ်သည်။ အခုလည်း ဆိုင်ကို ဈေးလာဝယ်ပြီး ပြောသွားပုံက စိတ်ဆိုးပြေတာကို သိသာစေသည်။ ဘာလို့ဆို ရှေ့ရက်က သူမကို ထိုသို့ပြောလို့ စိတ်ဆိုးသွားတာကိုး…။

***

အပိုင်း ၁ လေးကိုအမြည်းလေး အရင်တင်ပြီး လုံမေပျိုအကြောင်းကို အနည်းအကျဉ်းလေးလောက် ဖော်ပြ ရေးသားထားတာဖြစ်ပါတယ်။ ပြီး တော့ အပြင်မှာရှာနာမည် တကယ်ရှိမရှိ ငွေ့ မသိပါဘူး ငွေ့ရဲ့စိတ်ကူးယဉ်

သက်သက် ပုံဖော်ထားတာမို့ လိုအပ်ချက်တွေရှိရင် ဖြည့်ဖတ်ပေးပါနော် ဖတ်ရတာ အဆင်ပြေရဲ့လား ဒီလမကုန်ခင်မှာ စဆုံးတင်ပေးမှာလေးမို့။

***